CAPACITY BUILDING INITIATIVE

# CBI Newsletter

## Reaching the NGO Community Nationwide

*Volume 14, Issue 1* *April, 2013*

## CBI Staff went on Exposure Trip

Four CBI Staff who are directly and indirectly responsible to manage and arrange CBI training, went on an exposure trip to Bangkok, Thailand from 17-20 March 2013. The trip was arranged by CWS which is based in BKK and one of the partners of CBI. Information Officer, HR and Admin Officer, Finance Officer and Training Admin Officer were the trip members. They studied Local Development Institute (LDI) and Asian Disaster Preparedness Center (ADPC) on 18 March and Thai Fund Foundation (TFF) on 19 March. They studied how the training institutes manage, conduct and arrange the training. They also looked into the training topics, the participants and the course fees the training institutes are practicing. The knowledge will be shared to the CBI members and how the knowledge would be utilized in CBI will also be discussed.








**Our Vision ...** Competent individuals and organizations are working together and enthusiastically contributing their capacity for the development of Myanmar.

**Our Mission...** CBI is a nationally recognized organization providing quality training, facilitation and consultancy services to individuals and organizations working for the development of Myanmar.


## Contact CBI

No. 497, Diamond Condo E, 2nd Floor, Pyay Road, Kamayut Township, Yangon, Myanmar
Phone : +95 1 501379, +95 9 45000 3042 / Fax : +95 1 501379
Email: cbiinfo@myanmar.com.mm, cbi@baganmail.net.mm
cbitraining@cbiinmyanmar.org, cbitraining@yangon.net.mm
Website : www.cbiinmyanmar.org

### Mawlamyine Sub Centre

No. 30/A, Thuta Street, Aukyin Quarter, Mawlamyine
Phone: +95 9 540 8067 , +95 9 4252 85274, +95 57 21789
Email: coordinatormlm@cbiinmyanmar.org,
adminmlm@cbiinmyanmar.org

### Pyin Oo Lwin Sub Centre

No. 119, Shwe Bon Thar Street, Quarter 3, Ward 9, Pyin Oo Lwin (behind Pyin Oo Lwin Police Station)
Phone: +95 9 4210 46225
Email: coordinatorpol@cbiinmyanmar.org,
adminpol@cbiinmyanmar.org

## CBI Staff Capacity Building

Two staff, one Trainer and Training Administrator, attended proposal and report writing skills training in Bangkok from 18-22 March 2013. The training was conducted by Education, Language and Development Center based in UK and the resource person was the Director of ELD Mr. Neils Kendrick. The training was conducted in the building of Regional Community Forestry Training Center, Kasastsert University Bangkok.

## CBI Trainers participated at Natural Resource Management Training

3 CBI trainers attended the training course on Natural Resource Management training organized by Norwegian Peoples' Aid from 19 to 22 of March, 2013 at SAGAWA center in Yangon. The course was found very useful and applicable for the trainers in future trainings. CBI will utilize the knowledge by putting a session for knowledge about Natural Resource Management in the trainings.

## CBI Team went on Retreat



CBI Team worked very hard during 2012 and early 2013 to strice for sustaining the quality and the performance of CBI. During 2012 and up to end of March 2013, CBI implemented 3 Capacity Building Projects with a total of 84 trainings, 18 workshops and 31 days of Organization Development consultancy services provided for International NGOs, Myanmar NGOs and Community Based Organizations located throughout the country. OD consultancy services were provided only to Myanmar and Local NGOs. Because of this much work, CBI team needed a break to review its work as well as to look for future planning and to regain the energy for the next period. CBI Team went on retreat from 3-5 March at Chaung Thar beach. CBI Team relaxed for a while at the beach and considered what would be beneficial to CBI and all Team members spent time to review their individual jobs and their job descriptions and made discussions between the staff and supervisors. JDs for each staff category were developed in consultation with other colleagues with whom their jobs were linked. The Admin and management team also reviewed the HR and Financial Policy and updated to be in line with current situation. All the JDs were explained and received approval from both the staffs and their supervisors. The updated HR Policies and the Finance Policies were also explained to all of the staffs for their questions and clarifications as well as improvement of the policies. Since there were short of time this session was done in the evening.

## HEIFER 12 Corner Stones Leadership Training

Heifer International invited two senior staff of CBI to participate in its 12 Corner Stones Leadership training which was held from 23-28 April 2013 in Siem Reap, Cambodia. CBI Director and Training Team Leader attended the training. During the training there were excursion trips to villages, first trip was on 23 April and the village was about 80km away from Siem Reap and project intervention was not started yet. The other excursion was to a village about 120km away and the village completed the project but they are kept on working according to the project principles. It was a ceremony at which the members shared their animals to other members who did not have the animals yet. The ceremony was attended by many villagers, Heifer staff and Local Authorities including the Deputy Administrator of the Area. The third was a village about 50 KM away which is still implementing the project. So that the participants could see the three different villages of before, on-going and phased out of the project. The values and principles of Heifer were particularly emphasized and discussed during the training.


Limited for Internal Circulation Only

## Developing Community Leadership Trainings for Care Myanmar



- 9-11 January, 2013
- 34 Participants
- Dedaye




13-15 January, 2013 -
34 Participants -
Bogalay -

---

## Organizational Capacity Assessment (OCA) Workshop for Shwekanbwaza




- 8-10 March, 2013
- 14 Participants
- PinLaung

## Organizational Capacity Assessment (OCA) Workshop for Khan Kho



29-31 December, 2013 -
21 Participants -
Kalay -

## Trainings for LNGOs, CBOs and SHGs



### Communication Skill

- 23-25 January, 2013
- 18 Participants
- Yangon



### Project Cycle Management (PCM)

19-22 February, 2013 -
16 Participants -
Yangon -



### Knowing Yourself

- 27, 28 Feb, 1March, 2013
- 31 Participants
- Pakokku



### Good Leadership

3-5 March, 2013 -
36 Participants -
Pakokku -



### 360˚ Leadership

- 11-13 March, 2013
- 32 Participants
- Saung Lam Taung Village



### Project Cycle Management (PCM)

15-17 March, 2013 -
25 Participants -
Taunggyi -



### Report Writing Training for NGOs' Staff

- 29-31 January, 2013
- 27 Participants
- Yangon

### Developing Community Training for NGOs' Staff

13-15 February, 2013 -

22 Participants -

Yangon -



CAPACITY BUILDING INITIATIVE

## CBI Training Calendar

July to December, 2013

| No | Training Title | Delivery | Invitation | Closing | Confirmation |
|---|---|---|---|---|---|
| 1 | Project Cycle Management | 23,24,25,26 July | 7-Jun | 10-Jul | 12-Jul |
| 2 | Contemporary Development of Participatory Approaches | 20,21,22,23 Aug | 5-Jul | 6-Aug | 8-Aug |
| 3 | Developing External Environmental Relations | 17,18,19 Sep | 2-Aug | 3-Sep | 5-Sep |
| 4 | Engaging People with Facilitation | 15,16,17 Oct | 30-Aug | 1-Oct | 3-Oct |
| 5 | Core Practice in Facilitation | 19,20,21 Nov | 4-Oct | 5-Nov | 7-Nov |
| 6 | Participatory Monitoring and Evaluation | 10,11,12 Dec | 25-Oct | 26-Nov | 28-Nov |

**Contact Person**: Daw Thin Zar Oo(Training Administrator), **Email**: cbitraining@cbiinmyanmar.org

CAPACITY BUILDING INITIATIVE

# စွမ်းရည်မြှင့်ဆောင် လူမှုရေးအသင်း သတင်းလွှာ

အမှတ် ၁၄၊ အတွဲ ၁

ဧပြီလ၊ ၂၀၁၃

## ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများအတွက် စီမံကိန်း အဆိုပြုလွှာရေးဆွဲရေး သင်တန်း

မြန်မာနိုင်ငံသို့ ဝင်ရောက်လာမည့် ဖွံ့ဖြိုးရေးနှင့် လူမှုရေးအထောက်အပံ့များကို ပြည်တွင်း လူမှုရေးအဖွဲ့အစည်းများက ထိရောက်စွာနှင့် အောင်မြင်စွာ ဆွဲဆောင်ရယူနိုင်ရေးအတွက်လိုအပ်သည့် စီမံကိန်းအဆိုပြုလွှာရေးဆွဲနည်းသင်တန်းကို ပြည်တွင်း လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် စွမ်းရည်မြှင့်ဆောင် လူမှုရေးအသင်း (Capacity Building Initiative CBI) နှင့် အမေရိကန်နိုင်ငံ အခြေစိုက် Project Hope တို့ပူးပေါင်းပြီး ရန်ကုန်မြို့တွင် ဇူလိုင်လ ၈ ရက်နေ့မှ ၁၂ရက်နေ့ထိ ဖွင့်လှစ်ပို့ချရန် စီစဉ်ထားပါသည်။ စိတ်ဝင်စားသောပြည်တွင်း လူမှုရေးအဖွဲ့အစည်းများတက်ရောက်နိုင်ပြီး

သင်တန်းကြေးမှာ အခမဲ့ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက စွမ်းရည်မြှင့်ဆောင်လူမှုရေးအသင်း (Capacity Building Initiative CBI) ဖုန်း ၀၁ ၅၀၁၃၇၉၊ ၀၉ ၄၅၀၀၀ ၃၀၄၂ တို့သို့လည်းကောင်း cbitraining@cbiinmyanmar.org နှင့် cbiinfo@myanmar.com.mm သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| မျှော်မှန်းချက် | စွမ်းရည်ပြည့်ဝသည့် မြန်မာနိုင်ငံသားများနှင့် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အတူတကွ ပါဝင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။ |
| ရည်မှန်းချက် | စီဘီအိုင်သည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံသားများနှင့် အဖွဲ့အစည်းများကို အရည် အသွေးပြည့်ဝသော သင်တန်းများ၊ ကူညီပံ့ပိုးမှုများနှင့် အတိုင်ပင်ခံ ဝန်ဆောင်မှုများ ပေးနေသည့် နိုင်ငံအသိအမှတ်ပြု အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ရန်။ |

## စီဘီအိုင်ကိုဆက်သွယ်ရန်

အမှတ် ၄၉၇၊ တိုက် E၊ ဒုတိယထပ်၊ ဒိုင်းမွန်းကွန်ဒိုမီနီယံ၊ စိန်ရတုခန်းမရှေ့၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၁ ၅၀၁၃၇၉၊ ၀၉ ၄၅၀၀၀ ၃၀၄၂

အီးမေးလ်- cbiinfo@myanmar.com.mm, cbi@baganmail.net.mm, cbitraining@yangon.net.mm, cbitraining@cbiinmyanmar.org

ဝက်ဘ်ဆိုက်- www.cbiinmyanmar.org

### မော်လမြိုင်ရုံးခွဲ

အမှတ် ၃၀ အေ၊ သုတလမ်း၊ အောက်ကျောင်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

ဖုန်း- ၀၉ ၅၄၀ ၈၀၆၇၊ ၀၉ ၄၂၅၂ ၈၅၂၇၄၊ ၀၅၇ ၂၁၇၈၉

အီးမေးလ်- coordinatormlm@cbiinmyanmar.org,
adminmlm@cbiinmyanmar.org

### ပြင်ဦးလွင် ရုံးခွဲ

အမှတ် ၁၁၉၊ ရွှေဘုံသာလမ်း၊ ရပ်ကွက်ကြီး ၃၊ အကွက် ၉၊ ပြင်ဦးလွင်မြို့။ (ပြင်ဦးလွင် ရဲစခန်းဝင်း အနောက်ဘက်)

ဖုန်း- ၀၉ ၄၂၁၀ ၄၆၂၂၅

အီးမေးလ်- coordinatorpol@cbiinmyanmar.org,
adminpol@cbiinmyanmar.org

## Foundational Facilitation Workshop 2013





Facilitators Network Singapore (FNS) မှ Facilitator များ ဖြစ်ကြသည့် Mr. Prabu K Naidu နှင့် Mrs. Janice Lua တို့မှ Foundational Facilitation Workshop 2013 ကို မတ်လ ၃ရက်နေ့မှ ၅ရက်နေ့အထိ CBI သင်တန်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုသင်တန်းကို CBI မှ သင်တန်းဆရာများ၊ ဝန်ထမ်းများနှင့် အခြားသော မိတ်ဖက်အဖွဲ့အစည်းများမှ သင်တန်းအရာရှိများ (Training Officers) လည်း တက်ရောက်ခဲ့ကြပါသည်။






## တွေးတောခြင်း နှင့် ဆုံးဖြတ်ချက်ချခြင်း

လူတိုင်း တွေးတောတတ်ကြသည်။ သို့သော် အတွေးများသည် မိမိဘဝ၏ ပစ္စုပ္ပန်နှင့် အနာဂတ်ကို လွှမ်းမိုး ခြယ်လှယ် နိုင်စွမ်းရှိသည်ကို မေ့နေတတ် ကြပေသည်။ တွေးတောမှု၏ နောက်ဆက်တွဲသည် အကျိုးရှိသော ကောင်းမှုကိုလည်းဖြစ်စေ သကဲ့သို့ အကျိုးမဲ့(သို့မဟုတ်) မကောင်းမှုကိုလည်း ဖြစ်စေတတ်သည်။

ပန်းခြံတွင်းရှိ ခုံတန်းလျားတွင် ထိုင်နေရင်း ပန်းသီးကြွေကျသည်ကို မြင်ခဲ့သော နယူတန်သည် သူ၏အတွေးများကို ဆန့်ထုတ်ခဲ့သည့်အတွက် ကမ္ဘာမြေကြီး၏ ဆွဲအား (Newton's Garvitational law) ကိုရှာဖွေတွေ့ရှိပြီး ရူပဗေဒ တစ်ခေတ်ကို ပြောင်းလဲ အကျိုးပြုနိုင်ခဲ့သည်။

" အရာဝတ္ထုတစ်ခုကို ရေထဲသို့ထည့်လိုက်သည့်အခါ ဖယ်ထုတ်ခြင်းခံရသော ရေများ၏ထုထည်သည် ၎င်းအရာဝတ္ထု၏ ထုထည်နှင့် တူညီသည်။"

ဆိုသော သီအိုရီကို သချာ်ပညာရှင် အာခိမိဒိစ်တွေ့ရှိခဲ့သည်မှာလည်း တွေးတောခြင်း၏ နောက်ဆက်တွဲ ရလဒ်ပင်ဖြစ်သည်၊ လူတိုင်း တွေးတောတတ်ကြသော်လည်း ဘာကို တွေးလည်း၊ ဘယ်လိုတွေးလည်း ဆိုသည့် အခန်းကဏ္ဍ၌ ကွာခြားသွားပြီး ရလဒ်များ မတူညီနိုင်တော့ပေ၊ တွေးတောခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းကို ဦးနှောက်က ပြုလုပ်သည်၊ ဦးနှောက်သည် ရှုပ်ထွေး နက်နဲပြီး နားလည်ရခက်ခဲသော ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်ပြီး အခေါ်အဝေါ် အမည်များမှာလည်း အသံထွက်ရသည်မှာ ခက်လှပေသည်၊

ဦးနှောက်တွင် အဓိကအားဖြင့် အစိတ်အပိုင်း(၃)ခုရှိပြီး ဦးနှောက်ညှာတံ (Brain Stem)၊ ဦးနှောက်ငယ် (Cerebellum) နှင့် ဦးနှောက်ကြီး (Cerebrum) တို့ ဖြစ်ကြပေသည်

" သင့်ဘဝသည် သင့်အတွေးများက ပြုလုပ်ပေးလိုက်သောအရာဖြစ်သည်။"

မားကပ်စ် အော်ရေလီယပ်စ်

(အေဒီ ၁၂၁-၈၀)

ရောမအေကရာဇ်




**ဦးနှောက်ညှာတံ**သည် အာရုံငါးပါးမှရရှိသော သတင်းအချက်အလက်များကို ထိန်းချုပ်သည်၊ ထို့ပြင် အသက်ရှူခြင်း၊ နှလုံးခုန်ခြင်းစသော အခြေခံကိစ္စရပ်များကို ဆောင်ရွက်ပေးသည်၊ စဉ်းစားတွေးတောခြင်းနှင့် ခံစားခြင်း အလုပ်များကို မလုပ်ပေ၊ သူ့တွင် စိတ်လှုပ်ရှားမှုနှင့် ပတ်သက်သည့် နေရာဌာနလည်းမရှိပေ။

**ဦးနှောက်ငယ်**သည် ဦးနှောက် ညှာတံ၏ နောက်တွင်ရှိပြီး ပန်းဂေါ်ဖီ ပွင့်နှင့် တူသည်၊ ကြွက်သား လှုပ်ရှားမှုများ ထိန်းညှိပေးရန်နှင့် ကြွက်သားနှင့် ပတ်သက်သော မှတ်ဉာဏ် ကောင်းစေရန် ဆောင်ရွက်ပေးသည်၊ သို့ဖြစ်၍ လမ်းလျှောက်သည့်အခါ ခြေထောက်နှင့် လက်များ ဟန်ချက်ညီစွာ လှုပ်ရှားနိုင်ရန် အားထုတ်နေရန် မလိုတော့ပေ။

**ဦးနှောက်ကြီး**သည် စဉ်းစားတွေးခေါ်မှုနှင့် စိတ်လှုပ်ရှားမှု တည်ရာဌာနဖြစ်သည်၊ ဤအစိတ်အပိုင်းကပင် ကျွန်ုပ်တို့အား လူသားများအဖြစ် ကျန်သတ္တဝါများနှင့် ခွဲထုတ်ပေးလိုက်ခြင်း ဖြစ်ပေသည်၊ ဦးနှောက်၏ အခြားဆောင်ရွက်ချက်တစ်ခုမှာ "ဆက်ကြောင်းပေါင်းစုံပုံဖော်ခြင်း" ဖြစ်သည်၊ ဆက်ကြောင်းပေါင်းစုံ ပုံဖော်ခြင်း ဆိုသည်မှာ မှတ်ဉာဏ်တစ်ခုချင်းနှင့် အတွေး တစ်ခုချင်းက ဦးနှောက်၏ ကွဲပြားခြားနားသော နေရာကို ဆက်သွယ်ပေးခြင်းဖြစ်သည်၊ ဆက်ကြောင်းပေါင်းစုံပုံဖော်ခြင်းသည် အကြောင်းရင်း နှစ်ခုကြောင့် လွန်စွာအရေးပါသည်။ ပထမ အကြောင်းရင်းတစ်ခုမှာ စဉ်းစားတွေးခေါ်မှုပြုခြင်းနှင့် မှတ်ဉာဏ်ဖြစ်ပေါ် လာအောင် ဆောင်ရွက်ခြင်း ဖြစ်ပြီး၊ ဒုတိယအကြောင်းရင်းတစ်ခုမှာ မှတ်ဉာဏ်များကို ဦးနှောက်အတွင်း နေရာအနှံ့အပြား သိုလှောင်ထားခြင်းဖြစ်သည်၊ ထိုဒုတိယ အကြောင်းရင်း တစ်ခုကြောင့် မှတ်ဉာဏ်တစ်ခုလုံး လုံးလုံးလျားလျား ချေဖျက်မေ့ပျောက်သွားအောင် ပြုလုပ်မရခြင်း ဖြစ်ပေသည်၊

အတွေးစိတ်ကူးများသည် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အရေးကြီးသော အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်နေသည်၊

တချို့လူတွေက ဖြစ်ရပ်တွေ ဖြစ်ထွန်းအောင် လုပ်ကြသည်။
တချို့လူတွေက ဖြစ်ရပ်တွေဖြစ်ထွန်းသည်ကို စောင့်ကြည့်ကြသည်။
တချို့လူတွေက ဖြစ်ရပ်တွေဖြစ်ထွန်းလာသည်ကို အံ့သြတကြီး ဖြစ်ကြသည်၊

အမည်မသိ